www.burmeseclassic.com

# ဦးရွှေအုပ်မျက်နှာ

မောင်သန့်

တပေါင်းလ ကောလိပ်ကျောင်းစာမေးပွဲများ ပြီးစီးပြီဖြစ်၍ မိတ်ဆွေကျောင်းသား ၄–၅ ယောက်တို့သည် ကျွန်တော်တို့အခန်းသို့လာ၍ ထွေရာလေးပါးပြော၍ နေကြလေ၏။ လွန်ခဲ့သောရက်များက စာမေးပွဲအတွက် အထူးကြိုးစား၍ နေရသဖြင့် ပျော်ရွှင်စရာတို့ကို သတိမရနိုင်သဖြင့် ကျောင်းသားတိုင်းပင် ထိုင်းမှိုင်းလျက် ရှိသည်ဖြစ်ရကား ထိုကဲ့သို့ ရယ်ရွှင်စရာတို့ကို ပြောဆိုနားထောင်ရခြင်းသည် များစွာ စိတ်ကိုရွှင်လန်းစေသောကြောင့် အချိန်ကုန်မှန်းမသိချေ။ ကျွန်တော်တို့မိတ်ဆွေများသည် တစ်ယောက်ပြီး တစ်ယောက် မိမိတို့တစ်သက်တွင် မှတ်သားစရာအကောင်းဆုံးသော အကြောင်းအရာတို့ကို ပြန်၍ပြောနေကြသဖြင့် ည ၁၀ နာရီအချိန်တိုင်အောင် ရောက်လေ၏။ ထိုအခါ ကျွန်တော်က "ကဲဗျာ– ကိုစိုးသိမ်း၊ ခင်ဗျားတစ်ယောက်ပဲ ကျန်တော့တယ်၊ အားလုံးတော့ ပြီးကုန်ပြီ"

"ဟုတ်သားပဲဗျာ၊ မှတ်မိတာတစ်ခုခုတော့ လုပ်ဦးမှပေါ့" ဟု ကိုတင်မောင်ကလည်း ကျွန်တော်၏ တောင်းပန်ချက်ကို ထောက်ခံသဖြင့် ကိုစိုးသိမ်းလည်း မိမိထိုင်နေသော ကုလားထိုင်ကို ရှေ့သို့အနည်းငယ်တိုးလာ၍ စားပွဲပေါ်တင်ထားသော မိမိမျက်မှန်ကို ကောက်၍တပ်ပြီးလျှင် အနည်းငယ်ပြုံးလျက် "ကဲ ကဲ နားထောင်ကြ။ ကျွန်တော့်မှာက ခင်ဗျားတို့ဟာတွေထက် ထူးတော့မပေါ့။ ကျွန်တော် ဆယ်တန်းအောင်လို့ ကောလိပ်မှာ ပထမနှစ်တုန်းက လမ်းမတော် ဝိုင်အမ်စီအေမှာ တစ်နှစ်နေရသေးတယ်။ ဆန်းတာတစ်ခုက ကျွန်တော်အိပ်တဲ့ ခုတင်ခေါင်းရင်းမှာ အုတ်ချပ်တွေ နည်းနည်းကွာပြီးတော့ လူမျက်နှာတစ်ခု ထင်နေတော့တယ်။ ကွာတော့ ကွာတာပေါ့ဗျာ။ အများကြီးပဲ ကွာကြတာပါပဲ။ ဒီတစ်ခုတည်းက ဆန်းတာ။ သိပ်အံ့ဩစရာကောင်းတာပဲ။ မနက်မိုးလင်းလို့ ကျွန်တော်အိပ်ရာက ထထချင်း ပြတင်းပေါက်က နေရောင်ထိုးပြီဆိုမှဖြင့် ဒီမျက်နှာဟာ အတိုင်းသား ထင်နေတာပဲ။ တကယ့်ကို ပန်းချီဆရာတွေ ရေးပစ်ခဲ့တဲ့ ပုံထက်တောင် အချိုးအစား ကျသေးတယ်။ မျက်နှာက ခပ်ဝိုင်းဝိုင်း၊ ခပ်ခံ့ခံ့၊ နှုတ်ခမ်းမွေးရေးရေးနှင့်၊ မျက်လုံးပြူးပြူး၊ ခေါင်းပေါင်းစ ခပ်ကြီးကြီး။ အင်မတန်ကျက်သရေရှိတဲ့ မျက်နှာပါပဲခင်ဗျာ။ ကျွန်တော့်အခန်းနားက လူတွေမေးကြည့်တော့လည်း ကျွန်တော်မလာခင်က ဒီအခန်းမှာ လူတစ်ယောက်မှ မနေဖူးဘူးတဲ့။ ကျွန်တော်တွေ့ရတဲ့ မျက်နှာက မြန်မာရုပ်တော့ မဟုတ်တန်ရာဘူးလို့ စဉ်းစားမိသဗျ။ ကျက်သရေရှိလိုက်တဲ့ မျက်နှာဗျာ၊ ခင်ဗျားတို့ မြင်စေချင်တယ်"

ထိုအခါ ကျွန်တော်က ကြားဖြတ်၍ "အခု ဒီဟာ ရှိသေးသလား"

"နားထောင်ပါဦး ကိုသန့်၊ ဆုံးတော့ သိလိမ့်မပေါ့။ ဒီမျက်နှာကြီးကို အိပ်ရာထတိုင်း မြင်မြင်ပြီးတော့ စာဖတ်တုန်းလည်းမြင်၊ ကျောင်းတက်ခါနီးလည်း အားရပါးရ ဝဝကြီး မြင်ပြီးတော့မှ ကျောင်းတက်၊ ကျောင်းက ဆင်းလာရင်လည်း ပထမဆုံး ဒီမျက်နှာကြီးကို ကြည့်ကြည့်ပြီး အလိုလို ချစ်လာတာပဲဗျို့။ ခင်ဗျားတို့သိတဲ့အတိုင်းပဲ ယောကျ်ားအချင်းချင်း ဒီလိုချစ်ဖို့ဟာ အတော်ပဲခက်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လည်း ယောကျ်ားသာဆိုရတယ်၊ အင်္ဂတေတွေကွာနေတဲ့ အရုပ်ကြီး။ ဒါနဲ့ဗျာ ခပ်တိုတိုပဲပြောပါရစေတော့ ကျွန်တော်လည်း ရယ်စရာကြီးဖြစ်နေတော့ ဘယ်သူမှ ကျွန်တော် မပြောဘဲ တစ်ယောက်တည်း တိတ်တိတ်ပုန်း စွဲလမ်းနေလိုက်တာ စိတ်နောက်သလိုတောင်ဖြစ်နေတာပေါ့ဗျာ။ ဒီတော့ ကျွန်တော်က စဉ်းစားကြည့်တယ်။ ဒါမျိုးဟာ ဧကန္တ လူတူတစ်ယောက်ယောက်တော့ ရှိရမယ်။ အင်္ဂလိပ်သတင်းစာတွေ၊ မဂ္ဂဇင်းတွေထဲမှာလည်း ဖတ်ဖူးတဲ့အတိုင်း နောင် ကျွန်တော်နှင့် တွေ့ရဦးမယ့်သူတစ်ယောက်ရဲ့ မျက်နှာပုံသာဖြစ်ရမယ်လို့ စိတ်စွဲလမ်းမိတာပေါ့။ အဲဒီလို စွဲလမ်းပြီးတဲ့အခါကစပြီး ကျွန်တော် လိုက်ရှာတာပဲ။ ရုပ်ရှင်ရုံတွေထဲမှာ လိုက်ပြီးရှာ၊ ကန်တော်ကြီးပွဲ ဆိုတာလည်း အနှံ့ပေါ့။ ရန်ကုန် အရှေ့ပိုင်း–အနောက်ပိုင်းဆိုတာလည်း ကုန်သလောက် ဆိုပါတော့ဗျာ။ ဘယ်မှာမှ မတွေ့တော့ စိတ်တောင် နည်းနည်းပျက်လာရော။ ကျွန်တော့်အခန်းပြန်သွားရင် ကျွန်တော့်ကို အမြဲနှုတ်ဆက်နေသလိုပဲ။ ခပ်ပြုံးပြုံးစိုက်ကြည့်နေလိုက်တာ၊ စကားပြောပြီး နှုတ်ဆက်တာနဲ့ တယ်မခြားပါဘူး။ ဒါနဲ့ဗျာ နောက်ဆုံးတော့ တွေ့ပါလေရော"

ထိုအခါ ကျွန်တော်တို့အားလုံးပင် အံ့အားသင့်စွာ "ဩော်" ဟူ၍ တစ်ပြိုင်နက် အော်လိုက်မိ၏။

"အဲဒီနှစ် ခရစ်စမတ်ကျောင်းပိတ်ရက်မှာ ကျွန်တော်တို့အိမ်က ကျိုက်ထီးရိုးသွားကြမယ်လို့ ခေါ်တာနဲ့ ကျွန်တော်လည်း အိမ်ပြန်ပြီး သူတို့နဲ့ ကျိုက်ထီးရိုး လိုက်သွားတာပေါ့။ ဒီတော့ ကိုတင်မောင်နဲ့တောင် ပဲခူးမှာ တွေ့လိုက်ပါသေးရော"

ကိုတင်မောင်က "ဩော် ဟုတ်တယ်၊ ဒီတုန်းကလား"

"ဟုတ်တယ်၊ ကျွန်တော်တို့က မနက်စောစောကြီးကင်ပွန်းစခန်းက တက်ကြရော။ ရေမြောင်ကြီးလည်း နည်းနည်းလွှန်လာရော တစ်ခါတည်း တွေ့တာပါပဲ။ ဟာဗျာ မပြောပါနဲ့တော့ အခန်းထဲက မျက်နှာပုံပါပဲ။ နည်းနည်းကလေးမှ မလွဲဘူး။ ခေါင်းပေါင်းရော၊ နှုတ်ခမ်းမွေးရော၊ မျက်နှာကျပုံရော တစ်ထေရာတည်းပါပဲ။ သူတို့က အဆင်း၊ ကျွန်တော်တို့က အတက်ကိုးဗျ။ သူနှင့်အတူတူ မိန်းမကြီးကြီးတစ်ယောက်၊ ခပ်ရွယ်ရွယ်သမီး နှစ်ယောက်နှင့်နောက်က အစေခံထင်ပါရဲ့ လူတစ်ယောက် ဒါပဲပါတယ်။ ဒီတော့ ကျွန်တော်ကလည်း ဘာအောင့်နိုင်တော့မလဲ။ တစ်ခါတည်း ဦး တစ်ဆိတ်လောက်ခွင့်ပြုပါ။ ဦးတို့ ဘယ်အရပ်ကလဲလို့ မေးတာပေါ့။ ဒီတော့ လူကြီးက ကျွန်တော့်ကို သေသေချာချာ စိုက်ကြည့်ပြီးတော့ သူ့သမီးတွေကို တစ်ခါ လှည့်ကြည့်ပြီး မသက်သာတဲ့မျက်နှာနှင့် ဘာမှမပြောဘဲ ဆင်းသွားပါရောဗျာ။ ကျွန်တော်ကလည်း ဘာနေနိုင်တော့မလဲ။ တစ်ခါလိုက်သွားပြီး မေးပြန်ပါရော။ သူက ကျွန်တော့်ကို လူပေလူတေအောက်မေ့လို့ ထင်ပါရဲ့။ ခြေဆုံးခေါင်းဆုံးကြည့်ပြီးတော့ "အင်းစိန်က ဦးရွှေအုပ်" လို့ ခပ်မြန်မြန်ပြောပြီး ဆက်လက်လို့ ဆင်းသွားပါရောဗျာ။ ကျွန်တော်လည်း စိတ်နည်းနည်းမှမကောင်းဘဲ "အင်းစိန် ဦးရွှေအုပ်–အင်းစိန် ဦးရွှေအုပ်" နဲ့ စိတ်ထဲက အောက်မေ့ပြီး ဘုရားပေါ်ရောက်၊ တစ်ရက်လောက်နေပြီး ပြန်ဆင်းကြရော။ ကျောင်းဖွင့်လို့ ကျွန်တော်လည်း ရန်ကုန်ပြန်ရောက်ပြီး အရင်အခန်းထဲရောက်တော့ ဒီမျက်နှာကြီးသွားမြင်ပြန်ပါရောဗျာ။ ဒါနဲ့ ဝိုင်အမ်စီအေမှာ အင်းစိန်က တရုတ်ကပြား ကျောင်းသားတစ်ယောက်ရှိလို့ ဦးရွှေအုပ်အကြောင်းမေးကြည့်တော့ ဒီလူဟာ ပင်စင်စားဝန်ထောက်ဆိုပဲ။ ပိုက်ဆံလည်း အတော်ရှိသတဲ့။ ငွေစားလို့ အထက်အစိုးရများ သိခါနီးမှာ ရုတ်တရက်ပင်စင်ယူလိုက်တာပဲ။ ဒါပဲ သိရတော့တယ်။ ခင်ဗျားတို့ပဲ စဉ်းစားကြည့်တော့ဗျာ။ အင်းစိန်က ဝန်ထောက်နဲ့ ဝိုင်အမ်စီအေက အင်္ဂတေကွာတာနဲ့ ဘာဆိုင်လို့လဲ။ ဒါနဲ့ တစ်နေ့ကျတော့ မျက်နှာပုံဟာ နည်းနည်းမှိန်လာသဗျ။ ခါတိုင်းဖြင့် ထင်ထင်ရှားရှား ပြတ်ပြတ်သားသားကြီး။ နောက်တော့ မျက်နှာပုံလောက်သာ ထင်တော့တယ်။ မျက်စိ၊ ပါးစပ်၊ နှာခေါင်းတို့ ရေးရေးလောက်တော့ကျန်တော့တယ်။ ကျွန်တော့်အခန်းထဲလည်း လူသွားလူလာက အနည်းသား။ ဘယ်သူမှ တမင်တကာ သွားဖျက်ပစ်မှာ မဟုတ်ဘူး။ ဖျက်လို့လည်း ရတာမျိုးမှမဟုတ်ဘဲ။ ဒါနဲ့ မှိန်မှိန်လာလိုက်တာ ၁၅ ရက်လောက်လည်း ကြာရော၊ အရှင်းမျက်နှာ တစ်ခုလုံး ပျောက်သွားပါရော"

ထိုအခါ ကျွန်တော်တို့အားလုံးကပင် အံ့အားသင့်စွာ "ခင်ဗျားဟာကတော့ အတော်ကို ဆန်းကြယ်တာပဲ။ ကျွန်တော်တို့တော့ တစ်ခါမှ မကြားဖူးဘူး" ဟု ပြောလိုက်မိ၏။

www.burmeseclassic.com



"ဟာ ခင်ဗျားတို့ အံ့သြတာကတော်တော် နောက် ၂ ရက်လောက်ကြာတော့ သူရိယသတင်းစာနှာရေးကြော်ငြာထဲမှာ တစ်ခါတည်း တွေ့ပါရော။ အင်းစိန်က ပင်စင်အငြိမ်းစား ဝန်ထောက်မင်း ဦးရွှေအုပ်ဟာ ၁၅ ရက်လောက် မကျန်းမမာဖြစ်ပြီး ကွယ်လွန်အနိစ္စရောက်တယ်လို့ ပါလာပါရောဗျာ"

ထိုအခါ ကျွန်တော်တို့မှာ အလွန်အကျူး အံ့သြလှ၍ ကျွန်တော်ကပင် ထိုအကြောင်းကို အင်္ဂလန်ပြည်စာရေးဆရာ ကိုနင်ဒွိုင်ရယ်ထံသို့ ပေးပို့လိုက်လျှင် ကောင်းမည်ဟု ပြောမိ၏။ (ထိုအခါက ကိုနင်ဒွိုင်ရယ် အနိစ္စမရောက်သေးပေ။)ကိုစိုးသိမ်းလည်း ဆက်လက်၍ မျက်မှန်ကိုဖြုတ်ကာ လက်ကိုင်ပဝါနှင့်ပွတ်ပြီးလျှင် "ဒီအကြောင်းနှင့်ပတ်သက်လို့ ထူးဆန်းတာသုံးခု ရှိတယ်ဗျ၊ ပထမအချက်ကတော့ မတော်တဆ အမှတ်တမဲ့ ထင်နေတဲ့ အင်္ဂတေရုပ်ဟာ တကယ့်လူတစ်ယောက်ရဲ့မျက်နှာနှင့် တူလွန်းသဗျာ။ အသက်ချင်းတောင် တူနေတာပဲ။ လောကဓာတ်ဆရာကြီးတွေဖြင့် နောက်တော့ ဒီအကြောင်းကို ဘယ်လိုရှင်းလင်းမလဲ မဆိုနိုင်ဘူး။ ပြီးတော့ ဒုတိယတစ်ချက်က ဦးရွှေအုပ်ဆိုတဲ့ နာမည်နှင့် အုတ်အင်္ဂတေဆိုတာ နာမည်ချင်း မဆင်ဘူးလားဗျာ။ နာမည်ကလည်း အံ့သြစရာ တူနေလိုက်တာ"

ထိုသို့ပြောစဉ်တွင် ၁၁ နာရီထိုးပြီဖြစ်၍ ဓာတ်မီးများကို ငြိမ်းမည်ဟု အချက်ပေးလိုက်သဖြင့် ကိုစိုးသိမ်းလည်း မိမိအခန်းသို့ ထသွားမည်ပြု၏။ ကျွန်တော်က လက်ဆွဲထား၍ "နေပါဦးဗျ၊ ခဏ၊ ခင်ဗျားပြောတော့ အံ့သြစရာ သုံးချက်ရှိတယ်ဆို၊ တတိယအချက်ကို ပြောပါဦး"ဟု တောင်းပန်ရာ ကိုစိုးသိမ်းလည်း ဟက်ဟက်ပက်ပက် ရယ်၍ "တတိယအချက်ကတော့ ခင်ဗျားတို့ စိတ်ဝင်စားအောင် ကြံကြံဖန်ဖန် ပြောတာကို ခင်ဗျားတို့က ယုံတာ အံ့သြစရာပေါ့ဗျာ၊ ဂွတ်နိုက် ကိုသန့်"

❖

အတွဲ-၁၊ အမှတ်-၃၅၊ ၁၉၃၁၊ ဇန်နဝါရီ၊
သူရိယရုပ်စုံ မဂ္ဂဇင်း

www.burmeseclassic.com